THE WORLD BANK
IBRD • IDA | WORLD BANK GROUP

**သတင်းစာထုတ်ပြန်ချက်**

# ကမ္ဘာ့ဘဏ်အုပ်စု ဒုတိယဥက္ကဌ မြန်မာသို့ လာရောက်မည်

**ရန်ကုန် မေလ ၄ရက် ၂၀၁၅** – မြန်မာနိုင်ငံသည် ၂၀၁၁ခုနှစ်က စတင်ပြီး မြန်မာနိုင်ငံနိုင်ငံသားများအတွက် ပြီးမြောက် အောင်မြင်ခဲ့သော သိသာထူးခြားသည့် စီးပွားရေး နှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ ကို အသိအမှတ် ပြုသည့်အနေဖြင့် အရှေ့အာရှ နှင့် ပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ဘဏ်အုပ်စုဒုတိယ ဥက္ကဌ အေဗဲဗင်ထရော်ဆင်ဘာတ် သည် ယခုအပတ်တွင် မြန်မာနိုင်ငံ သို့ လာရောက်မည်ဖြစ်ပါသည်။ ယခုလို လာရောက်ခြင်းမှာ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး နှင့် မြန်မာနိုင်ငံသားများ ဘဝတိုးတက်စေမည့် မူဝါဒများ၊ အစီအစဉ်များ နှင့် ရင်းနှီးမြှုပ်နှံမှုများကို အထောက်အကူပေးမည့် ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံ ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင် CPF ကို ထုတ်ပြန်မိတ်ဆက်ပွဲ လုပ်ဆောင်ရန်အတွက် ဖြစ်သည်။

*"မြန်မာနိုင်ငံအနေနဲ့ လမ်းဖွင့်ပေးမှုတွေကို တိုးမြင့်လုပ်ဆောင်နေတာဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်တွေကို ကူညီဖြေရှင်းပေးမယ့် အခွင့်အရေးတွေ ရရှိလာစေပါတယ်။ စိန်ခေါ်မှုကတော့ ငြိမ်းချမ်းရေး ကြာရှည်တည်မြဲဖို့ အပါအဝင် ဒီပြုပြင်ပြောင်းလဲတိုးတက်မှုတွေကို ရေရှည် ထိန်းသိမ်းထားနိုင်ဖို့ ပါဘဲ။ မြန်မာလူထုရဲ့လက်ထဲမှာ ဖွံ့ဖြိုးရေး ကြိုးပမ်းမှုတွေ ရှိနေတဲ့အခါမှာ ကမ္ဘာ့ဘဏ်အုပ်စုလို နိုင်ငံတကာ အဖွဲ့အစည်းတွေအပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း အရေးကြီးတဲ့ ပံ့ပိုးရေး အခန်းကဏ္ဍက ကူညီ ဆောင်ရွက်လို့ ရနိုင်ပါတယ်" ဟု မစ္စတာ* ဗင်ထရော်ဆင်ဘာတ် ကပြောကြားသည်။

၂၀၁၅ - ၂၀၁၇ မြန်မာနိုင်ငံ ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင် CPF ကို မကြာသေးခင်က ကမ္ဘာ့ဘဏ် အမှုဆောင်ဒါရိုက်တာအဖွဲ့ က အတည်ပြုထုတ်ပြန်ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၁၆၀၀ အထိ မြန်မာနိုင်ငံကို အတိုးမဲ့ချေးငွေ၊ ရိုးရိုးချေးငွေ၊ ရန်ပုံငွေများ နှင့်အတူ ကမ္ဘာ့ဘဏ်က အဆင်းရဲဆုံးနိုင်ငံများအတွက် ရန်ပုံငွေ အဖွဲ့ ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအသင်း (IDA) ထံမှ နည်းပညာ အကူအညီ နှင့် ပညာဗဟုသုတများ ကိုပါ ပံ့ပိုးကူညီသွားမည် ဖြစ်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံသည် ကမ္ဘာ့ဘဏ်၏ ပုဂ္ဂလိကကဏ္ဍ အဖွဲ့တစ်ခုဖြစ်သည့် အပြည်အပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း IFC ထံမှ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာသန်းတစ်ထောင် နှင့် နည်းပညာ အကူအညီ အတွက် ဒေါ်လာသန်း ၂၀ ကိုပါ လက်ခံရရှိမည်ဖြစ်ပါသည်။

*"မြန်မာနိုင်ငံရှိ လူသန်းပေါင်းများစွာ အကျိုးရှိလာပါလိမ့်မယ်။ ကျွန်တော်တို့အနေနဲ့ အဓိက နေရာသုံးခုဖြစ်တဲ့ ဆင်းရဲနွမ်းပါးမှု၊ လူ နဲ့ အလုပ်အကိုင် ကဏ္ဍတွေမှာ အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးမှုကို လျှော့ချပေးနိုင်ဖို့၊ အခြေခံဝန်ဆောင်မှုတွေ ရရှိစေဖို့ နဲ့ ပုဂ္ဂလိကကဏ္ဍတို့ကို အားပေး ကူညီသွားမှာ ဖြစ်ပါတယ်" ဟု မစ္စတာ* ဗင်ထရော်ဆင်ဘာတ် ကပြောကြားသည်။

CPFမူဘောင်သစ် သည် ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာဆိုင်ရာ လေ့လာဆန်းစစ်မှု အစီရင်ခံစာ SCD၏ လေ့လာတွေ့ရှိချက်များ အပေါ်တွင်လည်း အခြေခံထားပါသည်။ ထိုမူဘောင်သည် မြန်မာနိုင်ငံအစိုးရ၊ လွှတ်တော်၊ ပုဂ္ဂလိက စီးပွားရေးကဏ္ဍ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စနစ်တကျ ဆွေးနွေးဖော်ထုတ်ပြီး ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။

လေးရက်တာ မြန်မာနိုင်ငံခရီးစဉ်အတွင်း မစ္စတာ ဗင်ထရော်ဆင်ဘာတ်သည် အကြီးတန်း နိုင်ငံရေး ခေါင်းဆောင်များ၊ ပုဂ္ဂလိက နှင့် ဖွံ့ ဖြိုးရေးမိတ်ဖက် အဖွဲ့ အစည်းများ နှင့် ဆွေးနွေးရန် ရန်ကုန် နှင့် နေပြည်တော် သို့ သွားရောက်မည်ဖြစ်ပါသည်။ ထို့ပြင် လူထုဗဟိုပြု ဖွံ့ဖြိုးရေး စီမံကိန်း၏ ရလဒ်အခြေအနေကို လေ့လာရန် မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းဒေသကြီး၏ မြို့တော် မြိတ် သို့ သွားရောက် လေ့လာမည် ဖြစ်သည်။ အဆိုပါလူထုဗဟိုပြု ဖွံ့ဖြိုးရေး စီမံကိန်းသည် ၂၅ နှစ်နောက်ပိုင်းမှာ ကမ္ဘာ့ဘဏ် ၏အကူအညီကို ရရှိသည့် ပထမဆုံးစီမံကိန်းဖြစ်သည်။ ထိုစီမံကိန်းက ဆင်းရဲသော ဝေးလံခေါင်ဖျားသည့်အရပ်ဒေသများ မှ လူထုအသိုင်းအဝိုင်းကို အခြေခံ အဆောက်အဦ များ နှင့် ဝန်ဆောင်မှုများ တိုးတက်ဖွံ့ဖြိုးစေခြင်းမှ အကျိုးရရှိစေမည် ဖြစ်သည်။

**ဆက်သွယ်ရန်**

**(ရန်ကုန်)**

**Kyaw Soe Lynn** klynn@worldbank.org +95 9 203 1159

**Meriem Gray** mgray@worldbank.org +959 421128395

**(ဝါရှင်တန်)**

**Carl Hanlon** chanlon@worldbank.org

**Diana Chung** dchung1@worldbank.org

**Broadcast:** Mehreen Sheikh +1 (202) 458-7336, msheikh1@worldbank.org